# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ
# Income Restoration Program in Thilawa

## အားနည်းသော မိသားစုများအား ထောက်ပံ့ခြင်း အစီအစဉ် (၂၀၁၈ခုနှစ်၊အောက်တိုဘာလ၊၃၀ရက်)



မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်ပြုလုပ်နေကြဖြစ်သော အားနည်းသောမိသားစုထောက်ပံ့ခြင်း အစီအစဉ်ကို ၂၀၁၈ခုနှစ် အောက်တိုဘာလ(၃၀)ရက်နေ့တွင် ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာ၌ပြုလုပ်ခဲ့ပါသည်။ယခုလအတွက်အိမ်ထောင်စု(၁၈)စုမှမိသားစုဝင်၅၅ဦးအားဆန်နှင့်ဆီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ထိုအပြင်နောက်ပိုင်းတွင်လည်းကျန်းမာရေးနှင့်သက်ဆိုင်သည့် ထောက်ပံ့မှု များပေးနိုင်ရန်စီစဉ်လျက်ရှိပါသည်။

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ရေးစနစ်အားသွားရောက်စစ်ဆေးခြင်း (၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်)



၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာရှိ ရေထောက်ပံ့ရေးစနစ်တာဝန်ခံမှ ရေကျွမ်းကျင်ပညာရှင်၏နည်းပညာအကူအညီဖြင့်ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာ၌ တူးဖော်ထားသော ရေတွင်းအပါအဝင် အဓိကရေထောက်ပံ့ရေးစနစ်နှင့်ပြန်လည်နေရာချထားရေးနေရာပတ်ဝန်းကျင်ရှိရေတွင်းများအား ရေအရည်အသွေးစစ်ဆေးခြင်းနှင့် ရေတွင်းပါဝင်သော သံဓာတ်ပမာဏအားသွားရောက်စစ်ဆေးခဲ့ကြပါသည်။

## Vulnerable People Program for October was provided on 30th October 2018



As a part of income restoration program activities, monthly provision for vulnerable families was made on 30th October 2018 at Zone B relocation site. Total 55 family members from 18 households were supported for this month. Moreover, the health care program will also be provided for project affected people in the future.

## Regular checking of water supply system at Zone B relocation site (4th November 2018)



On 4th November 2018, the water quality and iron level from the tube well inside the Zone B relocation site, Zone B water supply system and a house nearby Zone B relocation site were checked by the responsible person of WUA with the technical support of water expert.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## (၈)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများ နှင့် ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု (TCC) (၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်)



၂၀၁၈ခုနှစ်နိုဝင်ဘာလ၅ရက်နေ့တွင်(၈)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကိုMJTD၏အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့ MJTD မှတာဝန်ရှိလူကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းကြောင့်ထိခိုက်ခံရသောကျေးရွာများမှဒေသခံကိုယ်စားလှယ်များ၊စီမံကိန်းကြောင့်ထိခိုက်သူများနှင့်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ စုစုပေါင်း(၂၆)ဦး တက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်များမှာ သီလဝါအထူးစီးပွားရေးဇုန်မှ အနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်စီစဉ်ထားသောဖွံ့ဖြိုးရေးဆိုင်ရာလူမှုရေးတာဝန်ယူမှုလုပ်ငန်းစဉ်များ(CSR)နှင့်အကောင်အထည်ဖော်ပေးထားပြီးဖြစ်သောကိစ္စရပ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊ဒေသခံလူထုထံမှတောင်းဆိုချက်များနှင့်မကျေနပ်ချက်များအားသိရှိစေရန်တို့ဖြစ်ပါသည်။

## 8th Thilawa Community Coordination Meeting was held on 5th November 2018



8th Thilawa Community Coordination (TCC) meeting was held at Myanmar-Japan Thilawa Development Office (MJTD) on 5th November 2018. 26 participants including MJTD, village administrators, representatives from project affected communities (PACs), PAPs and Thilawa SEZ Management Committee (TSMC) attended the meeting. The purpose of the meeting is to review the CSR activities for PACs that have been done and planning by MJTD, and to know the relevant requests and complaints from the communities.

## ဇုန်ဘီပြန်လည်နေရာချထားသောနေရာရှိအားနည်းသော အိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၈ခုနှစ် နိုဝင်ဘာလ ၂၈ရက်)



မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်ပြုလုပ်နေကြဖြစ်သောအားနည်းသောမိသားစုထောက်ပံ့ခြင်းအစီအစဉ်အား ၂၀၁၈ခုနှစ် နိုဝင်ဘာလ(၂၈)ရက်နေ့တွင် ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၌ ပြုလုပ်ခဲ့ပါသည်။ယခုလအတွက် အိမ်ထောင်စု(၁၈)စုမှ မိသားစုဝင်၅၅ဦးအားဆန်နှင့်ဆီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

## Vulnerable People Program for November was provided on 28th November 2018



As a part of income restoration program activities, monthly provision for vulnerable families was made on 28th November 2018 at Zone B relocation site. Total 55 family members from 18 households were supported for this month.